### ၁၄။ စပါးမီလီဂျပိုး

**Rice mealybug : *Brevennia rehi* (Lindinger, 1943)**

**Hemiptera : Pseudococcidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အဝါဖျော့ရောင်အထီးများတွင်အရှေ့အတောင်ပံတစ်စုံနှင့်အစာအိမ်အစွန်းတွင်ဖယောင်းပုံအချွန်ရှိသည်အမမှာတောင်ပံ ပုံသဏ္ဍာန် ရှိပြီး အတောင်ပံမရှိပါ။ နီညိုဖြူရောင်ရှိပြီး နူညံ့သော ခန္ဓာကိုယ်ရှိသည်။ ခန္ဓာကိုယ်အားဖယောင်း လွှာဖြင့် ဖုံးအုပ် ထားသည်။ အဝါဖျော့ ရောင်ပိုးမမည်များ သည်အချိန်အနည်း ငယ်အတွင်းအ ပင်နှင့် ပင်စည်အပေါ်တွင်တွား သွားပြီး တစ်ရက်အကြာတွင်အဝါ ရင့်ရောင် အဖြစ်ပြောင်း သွားသည်။ဒုတိယနေ့၌ဖယောင်းလွှာ များခန္ဓာ ကိုယ်အပေါ်သို့ဖုံးအုပ်လိုက်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



စပါးရွက်ဖုံးအပေါ်တွင်ဖယောင်းအမွေးများအမြောက်အမြားတွေ့ရသည်။ပင်ရည်ကိုစုပ်စားသဖြင့်အပင်ညှိုးလာပြီးဝါလာကာအပင်ပုသွားသည်။ဖယောင်းလွှာအုပ်ထားသောအဝါရောင်၊ပန်းရောင်ဥများပိုးမမည် များနှင့်အကောင်ကြီးများအားပင်စည်ပေါ်တွင် အချောင်းလိုက်တွေ့ ရပြီး အရွက်များ ညှိုးနေသည်ကိုတွေ့ရသည်။ယာစပါးခင်းများနှင့် မိုးရေသောက်စပါးခင်း များတွင်တွေ့ရသည်။မိုးရာသီတွင်ပိုးကျရောက်မှုများတတ် သည်။ခြောက်သွေ့ပြီး ပေါင်းမြက် ထူပေါသောစိုက်ခင်းများ တွင်ပိုမိုကျရောက်တတ်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၁-၂)ရက် |
| ပိုးမမည်အဆင့် | - (၁၇-၃၄)ရက် |
| အကောင်ကြီးအဆင့် | -(၁၄)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ရွှေ့ပြောင်းမစိုက်ပျိုးခင်ကန်သင်းဘောင်ပေါ်ရှိမြက်များအားရှင်းလင်းပါ။

(၂)ပိုးကျရောက်ထားသောအပင်များကိုဖျက်ဆီးပါ။

(၃)ထိသေ၊စားသေ (သို့)ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်း စာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ရိတ်သိမ်းပါ။

- ဒိုင်မီသိုအိတ်(Dimethoate)
- ဒိုင်နိုတီဖြူရမ်(Dinotefuran)
- ဘူပရိုဖီဇင် (Buprofezin)
- စပီရိုတတ်ထရာမက်(Spirotetramat)